အောက်ဖော်ပြပါ ပြည်နယ်/ တိုင်းဒေသကြီးများအလိုက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ထုတ်ပြန်ချက်များအတိုင်းသာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်–

၁။ ကရင်ပြည်နယ်

၂။ ချင်းပြည်နယ်

၃။ မွန်ပြည်နယ်

၄။ ရခိုင်ပြည်နယ်

၅။ ပဲခူးတိုင်းဒေသကြီး

၆။ မကွေးတိုင်းဒေသကြီး

၇။ ရန်ကုန်တိုင်းဒေသကြီး

၈။ ဧရာဝတီတိုင်းဒေသကြီး

**နေပြည်တော်၊ ကောင်စီနယ်မြေအတွင်း Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ**

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | – နေပြည်တော်တွင် အခြေပြု၍ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နေပြည်တော်ပြင်ပသို့ တာဝန်ဖြင့်ဖြစ်စေ၊ လူမှုရေးအရဖြစ်စေ ခရီးသွားရောက်ရန်တွင် လိုက်နာရမည့်အချက်များ–<br>(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ထုတ်ပေးသည့် ခရီးသွားလာခွင့်အမိန့်/ အထောက်အထားလက်မှတ်ပါရှိမှသာ ခရီးသွားလာစေရန်နှင့် ရောက်ရှိသည့်နေရာတွင် တွေ့ဆုံသူမှ လက်မှတ်ရေးထိုးရန်။<br>(ခ) ခရီးသွားလာခွင့်အမိန့်/ အထောက်အထားလက်မှတ်အား လမ်းခရီးတစ်လျှောက်တွင်ဖြစ်စေ၊ သွားရောက်လိုသည့်နေရာသို့ ရောက်ရှိစဉ်တွင်ဖြစ်စေ၊ တာဝန်ရှိသူများမှ စစ်ဆေးပါက ပြသစေရန်နှင့် ခရီးစဉ်ပြီးဆုံး၍ နေပြည်တော်သို့ ပြန်လည်ရောက်ရှိချိန်တွင် ပြန်လည်အပ်နှံရန်။<br>(ဂ) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်များသို့ နေ့ချင်းပြန်ဖြစ်စေ၊ ညအိပ်အခြေပြု၍ဖြစ်စေ သွားရောက်တာဝန်ထမ်းဆောင်ပြီးနောက် နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများအား နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်စေ၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူစေကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်။ | နေပြည်တော်ကောင်စီ၏၁၁–၉–၂၀၂၀ ရက်စွဲပါအမိန့်အမှတ် (၉၅/၂၀၂၀) |

| | | |
|---|---|---|
| | (ဃ) ရောဂါဖြစ်ပွားမှုမရှိသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်များသို့ နေ့ချင်းပြန်ဖြစ်စေ၊ ညအိပ်အခြေပြု၍ဖြစ်စေ ခရီးသွားရောက်သည့်သူများအနေဖြင့် နေပြည်တော်သို့ ပြန်လည်ဝင်ရောက်လာပါက နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်စေ၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ(Swab) ရယူစစ်ဆေးမှုခံယူစေကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ လုပ်ငန်းခွင်သို့ဝင်ရောက်ရန်။<br>(င) စစ်ဆေးစဉ် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်းပို့ဆောင်ပြီး ဆေးကုသမှုခံယူရန်။<br>- နေပြည်တော်တွင် အခြေပြု၍ တာဝန်အရ ခရီးသွားရောက်ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နေပြည်တော်မြို့အဝင်ဂိတ်တွင် တာဝန်ရှိသူများ၏ စစ်ဆေးမှုကို ကြည်ဖြူစွာခံယူကြရန်နှင့် တာဝန်အရ ခရီးသွားရောက်ခြင်းဖြစ်သော်လည်း တာဝန်နှင့်မသက်ဆိုင်သောနေရာများသို့ သွားရောက်ခဲ့ကြောင်း စစ်ဆေးသိရှိရပါက COVID-19 ရောဂါကူးစက်ခြင်းခံရမှုမရှိလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့်လည်းကောင်း၊ COVID-19 ရောဂါပိုးကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်းနှင့်သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရဘဲ နေပြည်တော်ပြင်ပသို့ မိသားစုအလိုက်ခရီးသွားလာသည့် ဝန်ထမ်းများအား စိစစ်တွေ့ရှိရပါက ပြန်လည်ရောက်ရှိချိန်တွင် လိုအပ်သော ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးသွားမည်ဖြစ်ပြီး ခရီးစဉ်အား တာဝန်ခံခေါ်ယူသွားသူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူသွားမည်ဖြစ်ပါသည်။ | |



| | | |
|---|---|---|
| ၂။ | - နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများ လိုက်နာရန် အချက်များ-<br>(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လာရောက်သူများ**<br>(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြောင်း ထောက်ခံစာ ယူဆောင်လာစေရန်။<br>(၂) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သူများအနေဖြင့် တာဝန်ရှိသူများ၏ ခွင့်ပြုချက်မပါရှိဘဲ နေပြည်တော်သို့ လာရောက်ပါက သို့မဟုတ် နေပြည်တော်သို့ လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာအား ပြသနိုင်ခြင်းမရှိဘဲ နေပြည်တော်သို့ လာရောက်ပါက နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄) ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (သို့မဟုတ်) Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်ပြီးမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။<br>(၃) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် | နေပြည်တော်ကောင်စီ၏၁၁-၉-၂၀၂၀ ရက်စွဲပါအမိန့်အမှတ် (၉၄/၂၀၂၀) |

D/1.4.19/General File/office lh CBFQ 13 10 2020

ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်သို့ လာရောက်ရန် အကြောင်းကြားစာရရှိသည့် သူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနများသို့ သွားရောက်ရန်။

(၄) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် နေပြည်တော်သို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနများသို့ သွားရောက်ရန်။

(၅) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင်နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့်



ကုမ္ပဏီများမှ ဝန်ထမ်းများ နေပြည်တော်ရှိ ၎င်းတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်လိုပါက နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနများသို့ သွားရောက်ရန်။

(၆) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ နေပြည်တော်သို့လာရောက်လိုသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်လိုသူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနများသို့ သွားရောက်ရန်။

(၇) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်း ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူရန်။

(ခ) **နေပြည်တော်တွင် အခြေချနေထိုင်သူများ**

(၁) နေပြည်တော်သို့ ပြန်လည်ဝင်ရောက်ပါက မည်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့များသို့

| | | |
|---|---|---|
| | သွားရောက်ခဲ့သည် ဆိုသည့် အထောက်အထားတင်ပြရန်။<br>(၂) မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ Stay at Home သတ်မှတ်ထားသော မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း ခိုင်လုံသော အထောက်အထားတွေ့ရှိရလျှင် နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄) ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ပြီးမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။<br>(၃) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် နေပြည်တော် ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ်နမူ (Swab) ရယူစစ်ဆေးမှုခံယူပြီး ရောဂါမရှိကြောင်း အဖြေရရှိမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။<br>(၄) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်း ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူရန်။ | |



| | | |
|---|---|---|
| | - ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များမှဖြစ်စေ၊ ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှဖြစ်စေ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှဖြစ်စေ နေပြည်တော်သို့ လာရောက်သူများအနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်သို့ လာရောက်ရန် အကြောင်းကြားစာရရှိသည့်သူများမှအပ မည်သူမဆို ဓါတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အား ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။<br>- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများအနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်ပြီးမြောက်သည်နှင့် နေရပ်သို့ ပြန်လည်ထွက်ခွာရေး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။<br>- အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်းတင်ပြရန် ငြင်းဆန်သူများ၊ နေရပ်လိပ်စာလည်းဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာအား မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |

## ကချင်ပြည်နယ်အတွင်း Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | - နိုင်ငံခြားသားများ ဝင်ရောက်လာပါက Facility Quarantine ထားရှိရန်<br>- ရောဂါဖြစ်ပွားရာဒေသအပါအဝင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ဝင်ရောက်လာသူများအား Facility Quarantine ထားရှိရန်။<br>- သက်ဆိုင်ရာဂိတ်အလိုက်၊ နေရာအလိုက် စစ်ဆေးဆောင်ရွက်ရာတွင် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ညွှန်ကြားချက်နှင့်အညီ တိကျစွာ စစ်ဆေးဆောင်ရွက်ရန်။<br>- စစ်ဆေးရေးအဖွဲ့များက ညွှန်ကြားချက်နှင့်အညီ အများပြည်သူအကျိုးအတွက် စစ်ဆေးခြင်း၊ Quarantine ထားရှိခြင်းတို့ကို လိုက်နာမှုမရှိပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်သွားရန်။ | မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက် |



## ကယားပြည်နယ်အတွင်း Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်တွင် နေထိုင်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် တာဝန်မှအပ မြို့နယ်ပြင်ပသို့ သွားရောက်ခြင်းကို တင်းကြပ်စွာ တားမြစ်ရန်နှင့် ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်မည့်သူများအနေဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး သက်ဆိုင်ရာဒေသများသို့ ပြန်လည်ဝင်ရောက်သူများအနေဖြင့်လည်းကောင်း အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်စေရေး အသိပေးအကြောင်းကြားထားရှိပါသည်-<br>(က) **ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်မည့်သူများ**<br>(၁) မည်သည့် အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ၊ မိမိနေထိုင်ရာ မြို့နယ်/ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြောင်း ထောက်ခံစာ ပြသရမည်ဖြစ်ကြောင်း။<br>(၂) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်တွင် နေထိုင်သူများအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ တာဝန်ရှိသူများ၏ ခွင့်ပြုချက်မပါရှိဘဲ လာရောက်ခြင်း သို့မဟုတ် လာရောက်ရန်ခေါ်ယူကြောင်းအကြောင်းကြားစာအားပြသနိုင်ခြင်းမရှိဘဲ လာရောက်ခြင်းဖြစ်ပါကနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်၍ (၁၄) ရက်နေထိုင်ရန်၊ Quarantine ကာလအတွင်း ဓါတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေး | ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၁-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၄/ ၈-၁၄၃/ COVID-19(၆၇၃)/ ဦး ၅ |

ရမည်ဖြစ်ကြောင်းနှင့် ဓါတ်ခွဲအဖြေတွင်ရောဂါပိုးမတွေ့ရှိပါက Home Quarantine(၇)ရက် နေထိုင်ရမည်ဖြစ်ကြောင်း။

(၃) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်တွင် နေထိုင်သော်လည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် လာရောက်ခြင်းဖြစ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်ရန် အကြောင်းကြားစာရရှိသူများအား Facility Quarantine(၇) ရက် နေထိုင်စေပြီး Quarantine ဝင်ရောက်ပြီး နောက် (၁) ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း ဓါတ်ခွဲနမူနာစစ်ဆေးခံယူစေပြီး သံသယရောဂါ လက္ခဏာ/ရောဂါပိုး မတွေ့ရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများသို့ စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း။

(၄) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်တွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ပြသနိုင်လျှင် Fast Track အဖြစ် သတ်မှတ်၍ Quarantine(၇) ရက် နေထိုင်စေပြီး Quarantine ဝင်ရောက်ပြီး နောက် (၁) ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း ဓါတ်ခွဲနမူနာစစ်ဆေးခံယူစေပြီး သံသယရောဂါ လက္ခဏာ/ရောဂါပိုး မတွေ့ရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများသို့ စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း။

(၅) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်တွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီ၊



တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် လာရောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ပြသနိုင်လျှင် Facility Quarantine (၁၄) ရက် နေထိုင်စေပြီး ဓါတ်ခွဲနမူနာ (၂) ကြိမ် စစ်ဆေးခံယူစေပြီး သံသယရောဂါ လက္ခဏာ/ရောဂါပိုး မတွေ့ရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများသို့ စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း။

(၆) ရခိုင်ပြည်နယ်ရှိ ရောဂါကူးစက်ခံရမှု မရှိသေးသော မြို့နယ်များမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်သူများကို မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးခံယူစေပြီး သံသယရောဂါလက္ခဏာ မတွေ့ရှိမှသာ မြို့အတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း။

(၇) သံသယဖြစ်ဖွယ်ရောဂါလက္ခဏာ တွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူရမည်ဖြစ်ကြောင်း။

(ဓ) **နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အခြေချနေထိုင်သူများ**

(၁) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်သို့ သွားရောက်ခဲ့ကြောင်း ခိုင်လုံသော အထောက်အထားရလျှင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်စေပြီး (၁၄) ရက်နေထိုင်ရမည်ဖြစ်ပြီး ဓါတ်ခွဲနမူနာ (၂) ကြိမ် စစ်ဆေးခံယူစေရန်နှင့် ရောဂါပိုးမတွေ့ရှိပါက Home Quarantine(၇) ရက် ထပ်မံနေထိုင်ရမည်ဖြစ်ကြောင်း။

(၂) ရခိုင်ပြည်နယ်ရှိ ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ ပြန်လာသူများအနေဖြင့် မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူရမည်ဖြစ်ပြီးသံသယဖြစ်ဖွယ် ရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့အတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း။

(၃) သံသယဖြစ်ဖွယ်ရောဂါလက္ခဏာ တွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူရမည်ဖြစ်ကြောင်း။

- ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်သူများအနေဖြင့် မိမိတို့လုပ်ငန်း တာဝန်ပြီးမြောက်သည်နှင့် နေရပ်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

- **Quarantine ဝင်ရောက်ခြင်းကိစ္စလိုက်နာဆောင်ရွက်ရန်**

(က) ကယားပြည်နယ်အတွင်းသို့ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ အားလုံးနှင့် မြန်မာနိုင်ငံအတွင်းမည်သည့် ဒေသမှမဆို ဝင်ရောက်လာသူများအားလုံး Community Based Facility Quarantine (၁၄) ရက် နေထိုင်စေပြီး ခါတ်ခွဲနမူနာ (၁) ကြိမ် ရယူ စစ်ဆေးသွားရန်နှင့် Home Quarantine (၇) ရက် ထားရှိ ဆောင်ရွက် သွားရန်။

(ခ) Community Based Facility Quarantine ဝင်ရောက်ရာတွင် ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူ များမှလွဲ၍ ပြည်တွင်းမှ ဝင်ရောက်လာသူများ အားလုံး (နိုင်ငံ့ဝန်ထမ်းများ အပါအဝင်) နေ့စဉ် ကျွေးမွေးမှုနှင့် ပတ်သက်၍ မိမိ အစီအစဉ်ဖြင့်သာ ဆောင်ရွက်သွားရန်နှင့် Quarantine Center တွင် စားသောက်မည်ဆိုပါက ယင်းကာလအတွင်း တစ်နေ့ စားသောက်စရိတ်အဖြစ် ငွေ (၂၈၀၀) ကျပ်နှုန်းဖြင့် (၁၄) ရက်စာ စုစုပေါင်း ငွေ (၃၉၂၀၀) ကျပ်အား Quarantine စတင်ဝင်ရောက်သည့်နေ့တွင် ကျခံပေးသွင်းသွားရန်။

- **ခရီးသွားလာလည်ပတ်သည့်ကိစ္စလိုက်နာဆောင်ရွက်ရန်။**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် လူစုလူဝေး မဖြစ်ပေါ်စေရန် ကယားပြည်နယ်အတွင်းရှိ ခရီးသွားလာလည်ပတ်ရန် အထင်ကရနေရာများဖြစ်သည့် အောက်ဖော်ပြပါ နေရာများသို့ (၁-၁၀-၂၀၂၀) ရက်နေ့မှ (၃၁-၁၀-၂၀၂၀) ရက်နေ့အထိ ယာယီပိတ်သိမ်း ထားရှိလိုက်ပြီ



ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ နေရာများသို့ သွားရောက်လည်ပတ်ခြင်း မပြုရန် ပြည်သူများ သိရှိနိုင်ရေး အသိပေး ကြပ်မတ် ဆောင်ရွက်သွားရန်-

(က) လွိုင်ကော် ထီးစဲခါးရေတံခွန်

(ခ) လွိုင်ကော် ကြွတ်ဂူ

(ဂ) ဒီးမော့ဆို ငွေတောင်ဆည်

(ဃ) ဒီးမော့ဆို ထီးပွင့်ကန်

(င) ဒီးမော့ဆို ကန်ခုနှစ်ဆင့်

(စ) ဒီးမော့ဆို ပန်ပက်ကျေးရွာ

(ဆ) ဒီးမော့ဆို တနီးလာလဲ

(ဇ) ဒီးမော့ဆို ကွိုင်ငံ

(ဈ) ဒီးမော့ဆို ရေပြာအိုင်(နန်းမယ်ခံ့)

(ည) ဖရူဆို ထီးပရူနူဂူ

(ဋ) ဖရူဆို ဆင်ဖြူတောင်

## ရှမ်းပြည်နယ်အတွင်း Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | –　ရှမ်းပြည်နယ်အတွင်းသို့ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဝင်ရောက်လာသူများသည် သက်ဆိုင်ရာဒေသ၏ ထောက်ခံချက်များ ယူဆောင်လာရမည်၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိသူများနှင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုများပြားသည့် မြို့နယ်များမှ လာရောက်သူအားလုံး ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်၍ (၁၄) ရက် နေထိုင်ပြီး ဓါတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးရမည်၊ ဓါတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ရမည်၊ ရောဂါပိုးကင်းရှင်းကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ အတည်ပြုပြီးမှသာလျှင် ဆက်လက်ထွက်ခွာခွင့်ပြုမည်၊ လိုက်နာဆောင်ရွက်မှုမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။<br>–　ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် Coronavirus Disease 2019 (COVID–19 ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန်အတွက် နေ့စဉ် ည (၁၂) နာရီမှ နံနက် (၄) နာရီအတွင်း ညမထွက်ရ Curfew အမိန့်များကို ဆက်လက်ထားရှိဆောင်ရွက်မည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှုမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။<br>–　ပြည်သူများအနေဖြင့် မိမိနေအိမ်အတွင်း နေထိုင်ခြင်း၊ လူစုလူဝေးဖြင့် ကျင်းပပြုလုပ်သည့် ပွဲလမ်းသဘင်၊ အခမ်းအနားများ ပြုလုပ်ခြင်းမှ ရှောင်ကျဉ်ရမည်ဖြစ်ပါသည်။ နေအိမ်ပြင်ပသို့ ထွက်ခွာရာတွင်လည်းကောင်း၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ဈေးများ၌ ဈေးရောင်း/ ဈေးဝယ်ပြုလုပ်ရာတွင်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ | နေပြည်တော်ကောင်စီ၏၁–၉–၂၀၂၀ ရက်စွဲပါအမိန့်အမှတ် (၉၅/၂၀၂၀) |



| | | |
|---|---|---|
| | အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်–<br>(က)　Mask ကို တပ်ဆင်ရန်၊<br>(ခ)　လက်ကို စနစ်တကျဆေးရန်၊<br>(ဂ)　Social Distancing ကို တိတိကျကျ လိုက်နာရန်၊<br>–　ရှမ်းပြည်နယ်အတွင်း COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ၏ အကျိုးကို ရှေးရှု၍ ပြည်သူများအကြားတွင် ရောဂါကူးစက်မှုအဆင့်ဆင့် ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာမှုမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူ ဆောင်ရွက်မည်ဖြစ်ပါသည်။ | |

ရန် အကြောင်းကြားစာရရှိသူများအနေဖြင့် သတ်မှတ်ထားသော Community Facility Quarantine နေရာတွင် (၇) ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်၊

- နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက် မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်၊
- နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် လာရောက်လိုပါက သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက်နေထိုင်၍ Quarantine ဝင်



မြို့နယ်အသီးသီးတွင် ပြင်ဆင်ထားသော Community Based Facility Quarantine နေရာတွင် (၁၄) ရက်နေထိုင်၍ Quarantine ကာလအတွင်း ဓါတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးမှုခံယူကာ ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ပြီးမှသာ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်များရှိ နေရပ်သို့ သွားရောက်ရန်၊

- ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှု မရှိသေးသော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်း မရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် သတ်မှတ်ထားသည့် Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်၊
- သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်းပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုခံယူရန်။

(ဂ) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များမှ စစ်ကိုင်းတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မည်သူမဆို ဓာတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့် စရိတ်အားလည်းကောင်း၊ Community Based Facility Quarantine ဝင်ရောက်နေစဉ် ကုန်ကျစရိတ်အားလည်းကောင်း ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

(ဃ) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ

| | | |
|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီးသို့ လာရောက်သူများ အနေဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုခံယူရန်ဖြစ်ပါသည်။<br>(င) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လည်သူများအနေဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုခံယူရန်ဖြစ်ပါသည်။<br>(စ) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်များသို့ စစ်ကိုင်းတိုင်းဒေသကြီးကို ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များနှင့် လူပုဂ္ဂိုလ်များအနေဖြင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (ကလေးမြို့မပါ) ညအိပ်ရပ်နားခြင်းမပြုဘဲ ဖြတ်သန်းသွားရန်ဖြစ်ပါသည်။<br>(ဆ) အထက်ပါ ကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေး လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများနှင့် နေရပ်လိမ်လည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |



**တနင်္သာရီတိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ**

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | - တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာမည့် ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူခရီးသွားများသည် ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဃ်္ဃန်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တို့မှ လာရောက်ခြင်း ဖြစ်ပါက ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်၍ (၁၄) ရက် နေထိုင်ပြီး ဓာတ်ခွဲနမူနာ ၂ ကြိမ် ရယူစစ်ဆေးရမည်၊<br>- ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ရမည်၊<br>- ရောဂါပိုးကင်းရှင်းကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ အတည်ပြုပြီးမှသာလျှင် ဆက်လက်ထွက်ခွာခွင့်ပြုမည်၊<br>- ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ လာရောက်သူများကို မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်း သို့ ဝင်ရောက်ခွင့်ပြုမည်။<br>- တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာမည့် ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူခရီးသွားများသည် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ Stay at Home သတ်မှတ်ထားသော မြို့နယ်များမှ လာရောက်ခြင်းဖြစ်ပါက ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ | တနင်္သာရီတိုင်းဒေသကြီး Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၃၀-၉-၂၀၂၀) တွင် ထုတ်ပြန်သည့် အမိန့်အမှတ် (၈/၂၀၂၀) နှင့် (၂၈-၉-၂၀၂၀) တွင် ထုတ်ပြန်သည့် အမိန့်အမှတ် (၁၁/၂၀၂၀)၊ |

| | | |
|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီးသို့ လာရောက်သူများ အနေဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုခံယူရန်ဖြစ်ပါသည်။<br>(င) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်း မရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လည်သူများအနေဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုခံယူရန်ဖြစ်ပါသည်။<br>(စ) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်များသို့ စစ်ကိုင်းတိုင်းဒေသကြီးကို ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များနှင့် လူပုဂ္ဂိုလ်များအနေဖြင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (ကလေးမြို့မပါ) ညအိပ်ရပ်နားခြင်းမပြုဘဲ ဖြတ်သန်းသွားရန်ဖြစ်ပါသည်။<br>(ဆ) အထက်ပါ ကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေး လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများနှင့် နေရပ်လိမ်လည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |



## တနင်္သာရီတိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | - တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာမည့် ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူခရီးသွားများသည် ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသောမြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သင်္ဃန်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တို့မှ လာရောက်ခြင်း ဖြစ်ပါက ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်၍ (၁၄) ရက် နေထိုင်ပြီး ဓာတ်ခွဲနမူနာ ၂ ကြိမ် ရယူစစ်ဆေးရမည်၊<br>- ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ရမည်၊<br>- ရောဂါပိုးကင်းရှင်းကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ အတည်ပြုပြီးမှသာလျှင် ဆက်လက်ထွက်ခွာခွင့်ပြုမည်၊<br>- ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ လာရောက်သူများကို မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်း သို့ ဝင်ရောက်ခွင့်ပြုမည်။<br>- တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာမည့် ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူခရီးသွားများသည် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ Stay at Home သတ်မှတ်ထားသော မြို့နယ်များမှ လာရောက်ခြင်းဖြစ်ပါက ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ | တနင်္သာရီတိုင်းဒေသကြီး Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၃၀-၉-၂၀၂၀) တွင် ထုတ်ပြန်သည့် အမိန့်အမှတ် (၈/၂၀၂၀) နှင့် (၂၈-၉-၂၀၂၀) တွင် ထုတ်ပြန်သည့် အမိန့်အမှတ် (၁၁/၂၀၂၀)၊ |

| | | |
|---|---|---|
| | ဝင်ရောက်၍ ၁၄ ရက် နေထိုင်ပြီး ဓာတ်ခွဲနမူနာ ၂ ကြိမ် ရယူစစ်ဆေးရမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲအဖြေတွင် ရောဂါပိုး မတွေ့ရှိပါက Home Quaratine ၇ ရက် နေထိုင်ရမည်ဖြစ်ကြောင်း၊ ရောဂါပိုးကင်းရှင်းကြောင်း ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ အတည်ပြုပြီးမှသာလျှင် ဆက်လက်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်းနှင့်ရောဂါ ကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ လာရောက်သူများကို မြို့အဝင်ဂိတ်များတွင် ကျန်းမာရေး စစ်ဆေးမှုခံယူစေပြီး သံသယရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။ | |

**မန္တလေးတိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် အမိန့်ကြေညာချက်များ**

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | **မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးပြင်ပသို့ သွားရောက်ခဲ့ပြီး ပြန်လည် ဝင်ရောက်လာသူများ သိရှိလိုက်နာရန်**<br>(က) **နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များမှ လာရောက်သူများ–**<br>(၁) မည်သည့်အကြောင်းကိစ္စဖြင့်လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် နေထိုင်ကြောင်းထောက်ခံစာ ယူဆောင်လာရန်၊<br>(၂) တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်မပါရှိဘဲလာရောက်ပါက သို့မဟုတ် လာရောက် ရန်ခေါ်ယူကြောင်း အကြောင်းကြားစာ ပြသနိုင်ခြင်းမရှိဘဲ လာရောက်ပါက တိုင်းဒေသကြီးမှ ပြင်ဆင်ထား သော Community Based Facility Quarantine Center များတွင် (၁၄) ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine သို့မဟုတ် Community Based Facility Quarantine (၇) ရက် နေထိုင်ပြီးမှသာ မန္တလေး တိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ရန် ၊<br>(၃) နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၆–၉–၂၀၂၀)ရက်နေ့တွင်ထုတ်ပြန်သည့်အသိပေးကြေညာချက် အမိန့်အမှတ် (၃၀/၂၀၂၀) |

များတွင် နေထိုင်သော်လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာများမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ရန် အကြောင်းကြားစာ ရရှိသူများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင်၊ တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးခံယူကာ ရောဂါ မရှိကြောင်းအဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန် ၊

(၄) နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံ အခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ဝန်ထမ်း များအနေဖြင့်သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင်တို့ဖက်နမူနာ (Swab) ရယူစစ်ဆေးမှု ခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်၊

(၅) နေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့ အစည်းများနှင့် ကုမ္ပဏီများမှ ဝန်းထမ်းများ မန္တလေးတိုင်းဒေသကြီးရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများ



ဆောင်ရွက်ရန် လာရောက်လိုပါက သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီးနောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင်တို့ဖက်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိ မှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်။

**(ခ) မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင် နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသည့်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများ**

(၁) မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာပါက မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့သည်ကို အထောက်အထားဖြင့် တင်ပြရန်၊

(၂) မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ နေအိမ်တွင် နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသော မြို့နယ်များသို့ သွားရောက်ခဲ့သူများကို မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ပြင်ဆင်ထားသော Community Based Facility Quarantine နေရာတွင် (၁၄) ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးမှုခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ပါက Home Quarantine (၇) ရက် နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးရှိ သက်ဆိုင်ရာမြို့နယ်ရှိ နေရပ်သို့ သွားရောက်ရန်၊

- နေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မည်သူမဆို ဓာတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အားလည်းကောင်း၊ Community Based

| | | | |
|---|---|---|---|
| | | Facility Quarantine ဝင်ရောက်နေစဉ်ကာလအတွင်း ကုန်ကျစရိတ်အားလည်းကောင်း ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။ | |
| | - | နေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်လိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီးစစ်ဆေးရေးအဖွဲ့များ၏ ကျန်းမာရေး စစ်ဆေးမှု ခံယူစေကာ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာ တွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုကို ခံယူရန် ဖြစ်ပါသည်။ | |
| | - | နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များမှ ပြန်လာသူများ ရောဂါဖြစ်ပွားခြင်း မရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး သံသယဖြစ်ဖွယ်ရောဂါလက္ခဏာ တွေ့ရှိပါကသက်ဆိုင်ရာ ဆေးရုံတွင် လိုအပ်သောဆေးကုသမှုကို ခံယူရန် ဖြစ်ပါသည်။ | |
| | - | နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးကို ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များ၊ လူပုဂ္ဂိုလ်များအနေဖြင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ညအိပ်ရပ်နားခြင်းမပြုဘဲ ဖြတ်သန်းသွားရန် ဖြစ်ပါသည်။ | |
| | - | အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီးမည်သည်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများနှင့် နေရပ်လိမ်လည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ (၂၅) အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |